ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်

# ပြင်သစ်နိုင်ငံ လွှတ်တော်ဝန်ထမ်းများနှင့်စပ်လျဉ်းသော စီမံအုပ်ချုပ်မှုနှင့် ကျင့်ဝတ်များ


**အကျဉ်းချုပ်**

ပြင်သစ်နိုင်ငံတွင် အောက်လွှတ်တော် (National Assembly) နှင့် အထက်လွှတ်တော် (Senate) ဟူ၍ လွှတ်တော် ၂ ရပ်ရှိပါသည်။

အောက်လွှတ်တော်၏ လွှတ်တော်ဥပဒေအား ၁၉၅၉ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ပြဋ္ဌာန်းထားပါသည်။ ပြင်သစ်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရလွှတ်တော်သည်

(က) လွှတ်တော်အတွင်းလုပ်ထုံးလုပ်နည်းစည်းမျဉ်းများကို လွှတ်လပ်စွာထုတ်ပြန်ခွင့် ရှိပါသည်။

(ခ) လွှတ်တော်၏ ဘဏ္ဍာရေးဆိုင်ရာနှင့်အခွင့်အရေးများကို လွှတ်လပ်စွာစီမံပိုင်ခွင့် ရှိပါသည်။

(ဂ) လွှတ်တော်သည် ၎င်း၏အုပ်ချုပ်ရေးဆိုင်ရာများကို လွှတ်လပ်စွာဆောင်ရွက်ပိုင်ခွင့် ရှိပါသည်။

ပြင်သစ်နိုင်ငံလွှတ်တော် ဝန်ထမ်းများသည် နိုင်ငံမြို့ပြဝန်ထမ်းများမဟုတ်ပါ။ လွှတ်တော်၏ သီးသန့်ဝန်ထမ်းများဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် အချက်အလက်များအရ ပြင်သစ်နိုင်ငံ အောက်လွှတ်တော်တွင် ဝန်ထမ်း ၁၁၆၆ ဦး၊ အထက်လွှတ်တော်တွင် ဝန်ထမ်း ၁၀၅၀ ဦး ရှိပါသည်။

အောက်လွှတ်တော်တွင် ဗျူရိုအဖွဲ့က လွှတ်တော်အရာရှိများအနက်က ညွှန်ကြားရေးမှူးချုပ် ၂ ဦးကို ရွေးချယ်ခန့်အပ်ပါသည်။ တစ်ဦးသည် ဥပဒေပြုရေးလုပ်ငန်းများကို စီမံခန့်ခွဲရပြီး တစ်ဦးသည် စီမံအုပ်ချုပ်မှုများကို တာဝန်ယူဆောင်ရွက်ရပါသည်။ အထက်လွှတ်တော် ညွှန်ကြားရေးမှူးချုပ်အား ဗျူရိုအဖွဲ့မှ ခန့်အပ်ပါသည်။


ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | လွှတ်တော်ဝန်ထမ်းများအတွက် လွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်မှု | ၃ |
| ၃။ | လွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့နှင့်စပ်လျဉ်းသော စီမံအုပ်ချုပ်မှုအခြေခံမူများ | ၄ |
| ၄။ | လွှတ်တော်ဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်းအားဖွဲ့စည်းခြင်း | ၅ |
| ၅။ | လွှတ်တော်စီမံအုပ်ချုပ်မှုအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် အာဏာများ | ၆ |
| ၆။ | လွှတ်တော်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသောလူ့စွမ်းအားအရင်းအမြစ်နှင့် ဝန်ထမ်းစုဆောင်းရေး | ၇ |
| ၇။ | လွှတ်တော်ဆိုင်ရာ စီမံအုပ်ချုပ်ရေး၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာလုပ်ပိုင်ခွင့် | ၁၀ |
| ၈။ | စီမံခန့်ခွဲမှုဆောင်ရွက်ရာ၌ စောင့်ကြည့်လေ့လာခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ခံမှုရှိခြင်း | ၁၀ |
| ၉။ | လွှတ်တော်ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်ကျင့်ဝတ်များအား ယေဘုယျ ဖွင့်ဆိုခြင်း | ၁၁ |
| ၁၀။ | နိဂုံး | ၁၃ |

## ပြင်သစ်နိုင်ငံ လွှတ်တော်ဝန်ထမ်းများနှင့်စပ်လျဉ်းသော စီမံအုပ်ချုပ်မှုနှင့် ကျင့်ဝတ်များ

### နိဒါန်း

၁။ ပြင်သစ်နိုင်ငံတွင် အောက်လွှတ်တော် (National Assembly) နှင့် အထက်လွှတ်တော် (Senate) ဟူ၍ လွှတ်တော် ၂ ရပ်ရှိပါသည်။ [1]

၂။ ပြင်သစ်နိုင်ငံလွှတ်တော် ဝန်ထမ်းများသည် နိုင်ငံမြို့ပြဝန်ထမ်းများမဟုတ်ပါ။ လွှတ်တော်အတွက် သီးသန့်ဝန်ထမ်းများဖြစ်ပါသည်။[2] ကော်မတီတစ်ခုစီသီးခြားဝန်ထမ်းများရှိပြီး သုတေသနပြုလုပ်ရန်အတွက် အင်အားပြည့်ဝသော ဝန်ထမ်းများလည်း ရှိပါသည်။ ၁၉၈၀ ခုနှစ်ကမှစတင်၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလျှင် ဝန်ထမ်း ၂ ဦးခန့်ထားပေးပါသည်။ လွှတ်တော် ကိုယ်စားလှယ်များအား နည်းပညာ အထောက်အပံ့ အကူအညီများပေးနိုင်ရန်အတွက် ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် အချက်အလက်များအရ ပြင်သစ်နိုင်ငံအောက်လွှတ်တော်တွင် ဝန်ထမ်း ၁၁၆၆ ဦး၊ အထက်လွှတ်တော်တွင် ဝန်ထမ်း ၁၀၅၀ ဦးရှိပါသည်။[3]

### လွှတ်တော်ဝန်ထမ်းများအတွက် လွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်မှု

၃။ အောက်လွှတ်တော်၏ လွှတ်တော်ဥပဒေအား ၁၉၅၉ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ပြဋ္ဌာန်းထားပါသည်။ ပြင်သစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရလွှတ်တော်သည်

(က) လွှတ်တော်အတွင်း လုပ်ထုံးလုပ်နည်းစည်းမျဉ်းများကို လွတ်လပ်စွာ ထုတ်ပြန်ခွင့်ရှိပါသည်။

(ခ) လွှတ်တော်၏ ဘဏ္ဍာရေးဆိုင်ရာနှင့် အခွင့်အရေးများကို လွတ်လပ်စွာ စီမံပိုင်ခွင့်ရှိပါသည်။

(ဂ) လွှတ်တော်သည် ၎င်း၏အုပ်ချုပ်ရေးဆိုင်ရာများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိပါသည်။[4]

---

[1] Inter-Parliamentary Unionမှ Emailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။,[accessed date 18 July 2016]

[2] JSTOR,The Staff of the Parliamentary Assemblies in France , http://www.jstor.org/stable/439383?seq=1#page_scan_tab_contents,[accessed date 18 July 2016]

[3] Inter-Parliamentary Unionမှ Emailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။,[accessed date 18 July 2016]

[4] JSTOR,The Staff of the Parliamentary Assemblies in France , http://www.jstor.org/stable/439383?seq=1#page_scan_tab_contents,[accessed date 18 July 2016]

၄။ လွှတ်တော်ဝန်ထမ်းများအတွက် ကိုယ်ပိုင်ဥပဒေများဖြင့် ပြဋ္ဌာန်းထားသော်လည်း ပြည်သူ့ဝန်ထမ်းများအပေါ် ချမှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် အလားသဏ္ဍာန် တူညီပါသည်။ သို့သော် အချက်အလက်များစွာတွင်မူ ကွဲပြားခြားနားမှုရှိပါသည်။[5]

**လွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့နှင့်စပ်လျဉ်းသော စီမံအုပ်ချုပ်မှုအခြေခံမူများ**

၅။ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ၂ ရပ်လုံး၏ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအား ဖော်ပြပါမူဝါဒများချမှတ်ထားပါသည်-

(က) လွှတ်တော်တွင်းစည်းမျဉ်းများရေးဆွဲရာတွင် လွှတ်တော်သည် ကိုယ်ပိုင်လုပ်ပိုင်ခွင့်ရှိခြင်း၊

(ခ) လွှတ်တော်၏ဘတ်ဂျက်၊ ငွေရေးကြေးရေးနှင့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို လွှတ်တော်မှ ကိုယ်တိုင်စီမံဆောင်ရွက်ခွင့်ရှိခြင်း၊

(ဂ) အုပ်ချုပ်ရေးရာကိစ္စရပ်များကိုကိုယ်တိုင်စီမံဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊

(ဃ) အုပ်ချုပ်ရေးအဖွဲ့အပေါ် လွတ်လပ်စွာဝေဖန်ဆွေးနွေးနိုင်ခွင့်ရှိခြင်း၊

၆။ ခြုံငုံဖော်ပြရလျှင် လွှတ်တော်ဝန်ထမ်းရေးရာအဖွဲ့သည် အုပ်ချုပ်ရေးအဖွဲ့၊ အခြားအစိုးရပြည်သူ့ဝန်ထမ်းများနှင့် လုံးဝသီးခြားလွတ်လပ်စွာ ရပ်တည်လျက်ရှိပါသည်။

၇။ ပြင်သစ်နိုင်ငံ လွှတ်တော်ဝန်ထမ်းများနှင့်ပတ်သက်သော အုပ်ချုပ်ရေးစနစ်သည် အခြားသောအစိုးရဝန်ထမ်းအုပ်ချုပ်မှုစနစ်နှင့် တူညီခြင်းမရှိဘဲ ၁၉၅၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၊ ၂၆၊ ၃၉နှင့် ၈၉ များကို လိုက်နာဆောင်ရွက်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ဝန်ထမ်းများသည် အစိုးရဝန်ထမ်းများနှင့်အဆင့်တူ သတ်မှတ်သော်လည်း ရာထူးအဆင့်များသည် အစိုးရဝန်ထမ်းများနှင့်မတူညီဘဲ ကွဲပြားပါသည်။ သက်ဆိုင်ရာ လွှတ်တော်များရှိ စီမံခန့်ခွဲမှုဌာနများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ဝန်ထမ်းများအားလုံးသည် သက်ဆိုင်ရာ လွှတ်တော်များ၏ ဗျူရိုအဖွဲ့များ၏ အုပ်ချုပ်မှုအောက်တွင်ရှိပါသည်။

[5] Inter-Parliamentary Union , Codes of conduct for parliamentary staff , http://www.ipu.org/ASGP-e/Zampini.pdf , [accessed date 27 July 2016]

၈။ အထက်ပါ ကိစ္စရပ်များနှင့်ပတ်သက်၍ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်အတွက် တူညီစွာ ပြဋ္ဌာန်းထားသောလွှတ်တော်နည်းဥပဒေ အပိုဒ် ၁၄ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။[6]

၉။ အောက်လွှတ်တော် ဝန်ထမ်းများအတွက် ချမှတ်ထားသည့် အခြေခံများသည် ပြည်သူ့ ဝန်ထမ်းများအတွက် ချမှတ်ထားသည့် အခြေခံမူများနှင့်တူညီပါသည်။ သို့ရာတွင် လွတ်လပ်စွာ စီမံဆောင်ရွက်ပိုင်ခွင့်ရှိပါသည်။ အောက်လွှတ်တော်ဝန်ထမ်းများသည် အောက်ပါအချက်များနှင့် ပြည့်စုံရပါမည်-

(က) လွှတ်တော်ကိုယ်စားလှယ်များကို အကူအညီ ပေးရပါမည်။

(ခ) နိုင်ငံရေးအရ ဘက်လိုက်မှုကင်းရှင်းရပါမည်။

(ဂ) ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိရပါမည်။

၁၀။ အထက်လွှတ်တော်ဝန်ထမ်းများ လိုက်နာကျင့်သုံးရမည့် အခြေခံမူများမှာ ဗျူရိုအဖွဲ့က ပြုစုထားပြီးလွှတ်တော်က ပြဋ္ဌာန်းပြီးသောအထူးဥပဒေတစ်ခုတွင် ပါဝင်ပါသည်။ ပြဋ္ဌာန်းထားသောဥပဒေတွင် သီးခြားခွဲထုတ်ထားသော်လည်း အခြေခံမူများနှင့်ပတ်သက်၍မူ ပြည်သူ့ဝန်ထမ်း ဥပဒေနှင့် တူညီပါသည်။[7]

၁၁။ အထက်လွှတ်တော်ဝန်ထမ်းများအတွက် ဘက်လိုက်မှုကင်းရှင်းရေးသည် အရေးကြီးဆုံး အချက်ဖြစ်ပါသည်။

## လွှတ်တော်ဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်းအားဖွဲ့စည်းခြင်း

၁၂။ လွှတ်တော် ၂ ရပ်လုံးတွင်လွှတ်တော်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကို သီးခြားဖွဲ့စည်းထားပါသည်။ အောက်လွှတ်တော်၏ ဗျူရိုအဖွဲ့တွင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၂၂ ယောက်ဖြင့်ဖွဲ့စည်း ထားပြီး ဒုတိယဥက္ကဋ္ဌ ၆ ယောက်၊ စိစစ်ရေးမှူး ၃ ယောက်၊ အတွင်းရေးမှူး ၁၂ ယောက်သည် ဥက္ကဋ္ဌကို အထောက်အကူပြုရပါသည်။

၁၃။ အထက်လွှတ်တော်၏ ဗျူရိုအဖွဲ့တွင် အဖွဲ့ဝင် ၂၆ ယောက်ဖြင့် ဖွဲ့စည်းထားပြီးဥက္ကဋ္ဌ ၁ ယောက် ဒုတိယဥက္ကဋ္ဌ ၈ ယောက်၊ စိစစ်ရေးမှူး ၃ ယောက်နှင့် အတွင်းရေးမှူး ၁၄ ယောက်

[6] Inter-Parliamentary Unionမှ Emailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။,[accessed date 18 July 2016]

[7] Inter-Parliamentary Union , Codes of conduct for parliamentary staff , http://www.ipu.org/ASGP-e/Zampini.pdf , [accessed date 26 July 2016]

ပါဝင်ပါသည်။ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၂ တွင် "လွှတ်တော်တွင်း လုပ်ငန်းများဆောင်ရွက်ရန်၊ ဝန်ထမ်းများစုဆောင်းရေးနှင့် ၎င်းတို့၏ရာထူးအဆင့်အတန်းများကို ဗျူရိုအဖွဲ့မှ ဆုံးဖြတ်ဆောင်ရွက်ရမည်" ဟု ဖော်ပြထားပါသည်။ ဗျူရိုအဖွဲ့တွင် စိစစ်ရေးမှူး ၃ ယောက်ပါဝင်ပြီး ၂ ဦး ကိုအာဏာရပါတီမှခန့်ထားပြီး ၁ ဦး ကို ဆန့်ကျင်ဘက်ပါတီမှ ခန့်ထားပါသည်။

၁၄။ အထက်လွှတ်တော်၏ အစိတ်အပိုင်းတချို့ကို ၃ နှစ် တစ်ကြိမ်ရွေးချယ်သောကြောင့် ဗျူရိုအဖွဲ့ကို လည်း ၃ နှစ်လျှင် တစ်ကြိမ် အသစ်ပြန်လည်ဖွဲ့စည်းပါသည်။ ဗျူရိုအဖွဲ့သည် လွှတ်တော်လုပ်ငန်းဆောင်တာများဆောင်ရွက်ရာတွင် လုံးဝနီးပါး လွှတ်လပ်သော အဖွဲ့အစည်းဖြစ်ပါသည်။[8]

**လွှတ်တော်စီမံအုပ်ချုပ်မှုအဖွဲ့၏လုပ်ပိုင်ခွင့်နှင့် အာဏာများ**

၁၅။ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်၏ဗျူရိုအဖွဲ့များသည် သက်ဆိုင်ရာလွှတ်တော်များ၏ အုပ်ချုပ်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ လွှတ်တော်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍လည်းကောင်း လုပ်ပိုင်ခွင့်အပြည့်အဝရှိမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိတိကျကျဖော်ပြထားပြီး လွှတ်တော်အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းများတွင်လည်း အသေးစိတ်ဖော်ပြထားပါသည်။

၁၆။ ညွှန်ကြားရေးမှူးချုပ်သည် လွှတ်တော်၏ လုပ်ငန်းစဉ်များကို အုပ်ချုပ်ရေးအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း ပေးရပါသည်။ ၎င်းသည် နိုင်ငံရေးပါတီများနှင့် ဆက်ဆံရာတွင် ဘက်လိုက်မှုကင်းရှင်းသူဖြစ်ရမည်ဖြစ်ကြောင်း လွှတ်တော်ဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများတွင် ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

၁၇။ ဗျူရိုအဖွဲ့၏ပထမဆောင်ရွက်ရမည့်လုပ်ငန်းစဉ်မှာ လွှတ်တော်စီမံအုပ်ချုပ်ရေးအဖွဲ့အားဖွဲ့စည်းဆောင်ရွက်ခြင်း၊ ဝန်ထမ်းသစ်ခန့်ထားခြင်းလုပ်ငန်းတာဝန်များအား စီစဉ်ဆုံးဖြတ်ခြင်းတို့ဖြစ်ပါသည်။ ဒုတိယလုပ်ငန်းမှာ လုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်၍ စံနှုန်းသတ်မှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့်လုပ်ငန်းများပြီးမြောက်အောင်မြင်ရန် ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။ တတိယ

[8] Inter-Parliamentary Unionမှ Emailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။,[accessed date 18 July 2016]

လုပ်ငန်းမှာ ဝန်ထမ်းများခန့်ထားခြင်းနှင့် ပတ်သက်သော စည်းမျဉ်းများ၊ ဝန်ထမ်းများ၏ လူမှုလုံခြုံရေးများနှင့်ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများ ရရှိရေးတို့ဖြစ်ပါသည်။

၁၈။ အောက်လွှတ်တော်တွင်ဗျူရို၏ ကွပ်ကဲမှုအောက်တွင်ရှိသော လွှတ်တော်ရေးရာ ဝန်ထမ်းများအပြင် လွှတ်တော်ညွှန်ကြားရေးမှူးချုပ်၏ ကွပ်ကဲမှုအောက်တွင်ရှိသော လွှတ်တော်ရေးရာဝန်ထမ်းများလည်း ရှိပါသည်။ ညွှန်ကြားရေးမှူးချုပ်၏ ကွပ်ကဲမှုအောက်တွင်ရှိသော ဝန်ထမ်းများ၏ အခန်းကဏ္ဍမှာ ဘတ်ဂျက်ဆိုင်ရာလုပ်ငန်းစဉ်များ၊ အသုံးစရိတ်များ ဝန်ထမ်းသစ်များခန့်ထားခြင်းနှင့် ဥပဒေပြုရေးဆောင်ရွက်ရာတွင် အထောက်အကူပြုပေးရခြင်းတို့ဖြစ်ပါသည်။ လွှတ်တော်အသီးသီးမှ ဗျူရိုအဖွဲ့များတွင်စိစစ်ရေးအရာရှိအဖြစ် လွှတ်တော်ကိုယ်စားလှယ် ၃ ဦးကို ခန့်ထားပါ သည်။ ၎င်းတို့သည် လွှတ်တော်၏ ငွေရေးကြေးရေးနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို အုပ်ချုပ်ရန် လုပ်ပိုင်ခွင့်ရှိပါသည်။ လွှတ်တော်၏ ရန်ပုံငွေများကို ၎င်းတို့၏ခွင့်ပြုချက်မရရှိဘဲ မည်သည့်အကြောင်းကိစ္စဖြစ်စေ အသုံးပြုခွင့်မရှိပါ။

၁၉။ အထက်လွှတ်တော်၏ ဗျူရိုအဖွဲ့သည် အထက်လွှတ်တော်အား ကိုယ်စားပြု၍ နိုင်ငံတကာဆက်ဆံရေးနှင့် သတင်းထုတ်ပြန်ရေးများကိုဆောင်ရွက်ရပါသည်။[9]

## လွှတ်တော်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသောလူ့စွမ်းအားအရင်းအမြစ်နှင့် ဝန်ထမ်းစုဆောင်းရေး

၂၀။ ဗျူရိုအဖွဲ့၏ ဥက္ကဋ္ဌကိုရွေးချယ်တင်မြှောက်ပြီး ၎င်း၏သက်တမ်းသည် လွှတ်တော်၏သက်တမ်းအတိုင်းဖြစ်ပါသည်။ အောက်လွှတ်တော် ညွှန်ကြားရေးမှူးချုပ် (၂) ဦးအားလွှတ်တော်အရာရှိများအတွင်းမှ ဗျူရိုအဖွဲ့က ရွေးချယ်ပါသည်။ လွှတ်တော်ညွှန်ကြားရေးမှူးချုပ်တစ်ဦးသည် ဥပဒေပြုရေးလုပ်ငန်းများကို စီမံခန့်ခွဲရပြီး အခြားညွှန်ကြားရေးမှူးချုပ်မှ စီမံအုပ်ချုပ်မှုများကို တာဝန်ယူဆောင်ရွက်ရပါသည်။

၂၁။ အထက်လွှတ်တော် ညွှန်ကြားရေးမှူးချုပ်အား ဗျူရိုအဖွဲ့မှ ခန့်အပ်ပါသည်။ ၎င်းအားအလုပ်ထုတ်ပယ်ခြင်းကို ကြိုတင်စီမံထားခြင်းမရှိပါ။ ဗျူရိုအဖွဲ့က အုပ်ချုပ်ရေးဌာနအတွင်းရှိ ဒါရိုက်တာနှင့်ကောင်စီအရာရှိနှစ်ဦးအနက်မှ တစ်ဦးအားရွေးချယ်၍ ခန့်ထားပါသည်။ ၎င်းအားရာထူးမှထုတ်ပယ်ခြင်းအတွက်မူဖော်ပြထားခြင်းမရှိပါ။ လွှတ်တော်ဥက္ကဋ္ဌဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်

[9] Inter-Parliamentary UnionမှEmailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။[accessed date 18 July 2016]

သည် ဥပဒေပြုရေးကိစ္စရပ်များအားလည်းကောင်း စိစစ်ရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်သည် စီမံခန့်ခွဲရေး လုပ်ငန်းများကိုလည်းကောင်း အသီးသီးဆောင်ရွက်ရပါသည်။ ၎င်းတို့သည် ၎င်းတို့၏ သက်ဆိုင်ရာ ကဏ္ဍများအတွက် အရေးပါအရာရောက်သော ပုဂ္ဂိုလ်များဖြစ်ပါသည်။

၂၂။ လွှတ်တော် ၂ ရပ်၏ ဗျူရိုအဖွဲ့ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်ပါဝင်မှု အချိုးအစားသည် လွှတ်တော်တွင်း ပါတီအဖွဲ့များ၏ ဦးရေအချိုးအစားအတိုင်း ဖြစ်ပါသည်။

၂၃။ လွှတ်တော် ၂ ရပ်လုံးတွင် ဗျူရိုအဖွဲ့ဖွဲ့စည်းရေးအတွက် ညွှန်ကြားရေးမှူးတစ်ဦးအား လျှို့ဝှက်မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ပါသည်။ ညွှန်ကြားရေးမှူးအားရွေးချယ်ပြီး ကျန်ဗျူရိုအဖွဲ့ဝင်များအား ဗျူရိုဥက္ကဋ္ဌ တင်မြှောက်ပြီးနောက် ရွေးချယ်ခန့်အပ်ပါသည်။

၂၄။ နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အုပ်ချုပ်မှုလုပ်ငန်းစဉ်များနှင့်လွှတ်တော် ၂ ရပ်လုံး၏ လွှတ်တော်ဆိုင်ရာ စီမံအုပ်ချုပ်မှုအတွက် ဝန်ထမ်းသစ်များ တိုက်ရိုက်ခန့်ထားခြင်းအား ဗျူရိုအဖွဲ့မှ ဆောင်ရွက်ပါသည်။ လွှတ်တော်ဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ရေးအတွက်လည်း စည်းမျဉ်းများ ချမှတ်ထားပြီး ဝန်ထမ်းများအား စာမေးပွဲဖြေဆိုခြင်းနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုနှင့် အရည်အချင်းပေါ်အခြေခံ၍ ကြိုတင်ဆုံးဖြတ်ချမှတ်ထားသော နည်းလမ်းများနှင့်အညီ ဆောင်ရွက်ပါသည်။

၂၅။ လွှတ်တော်ဝန်ထမ်းများ၏ လူမှုရေးဆိုင်ရာလုံခြုံမှုသည် အစိုးရဝန်ထမ်းများနှင့် နှိုင်းယှဉ်လျှင် သိသာစွာ ကွဲပြားခြားနားမှုရှိပါသည်။ နမူနာအားဖြင့် လွှတ်တော်ဝန်ထမ်းများ၏ ပင်စင်ထည့်ဝင်ငွေများသည် အုပ်ချုပ်ရေးဆိုင်ရာဝန်ထမ်းများနှင့် ကွာခြားမှုရှိပါသည်။

၂၆။ အောက်လွှတ်တော်တွင် ဝန်ထမ်းများအနေဖြင့် ဘက်လိုက်မှုကင်းရှင်းခြင်းသည် အခြေခံမူစည်းမျဉ်းဖြစ်ပါသည်။ နိုင်ငံရေးပါတီအဖွဲ့များ၏ ဝန်ထမ်းများ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဝန်ထမ်းများသည် လွှတ်တော်၏ သာမန်အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းများနှင့် တူညီမှုမရှိပါ။

၂၇။ အောက်လွှတ်တော် ဝန်ထမ်းများနှင့်စပ်လျဉ်းသော ဝန်ထမ်းစုဆောင်းခြင်းနှင့် ရာထူးတိုးမြှင့်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဝန်ထမ်းစုဆောင်းမှု။** ပြင်ပမှ ခေါ်ယူခန့်ထားခြင်း သို့မဟုတ် ဌာနတွင်း စာမေးပွဲဖြေဆိုခြင်းဖြင့် ခန့်ထားဆောင်ရွက်ပါသည်။

(ခ) **ရာထူးတိုးမြှင့်မှု။** ဌာနအသီးသီးရှိ အရာရှိများ၏ တိုးတက်မှုကို (၂) နှစ်ပြည့်တိုင်း အလုပ်လုပ်နိုင်စွမ်းပေါ်မူတည်သော စနစ်နှင့်အတန်းစားအားဖြင့်သော်လည်းကောင်း၊ အဆင့်သတ်မှတ်၍သော်လည်းကောင်း ရာထူးတိုးမြှင့်ပေးပါသည်။ ဌာနတစ်ခုမှ အခြားဌာနတစ်ခုသို့ ပြောင်းရွှေ့ရာတွင် အရည်အချင်းစစ်ဆေးမှုများဖြင့် ပြုလုပ်ဆောင်ရွက်ပါသည်။ လွှတ်တော်အရာရှိများအတွက် အရည်အချင်းစစ်ဆေးမှုများတွင် စာမေးပွဲဖြေဆိုရမှုများလည်းရှိပါသည်။ စီမံခန့်ခွဲရေးဆိုင်ရာရာထူးများအတွက် လွှတ်တော်အတွင်း ပါတီပေါင်းစုံပါဝင်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ဗျူရိုအဖွဲ့မှ ခန့်အပ်ပါသည်။

၂၈။ အထက်လွှတ်တော် ဝန်ထမ်းများနှင့်စပ်လျဉ်းသော ဝန်ထမ်းစုဆောင်းခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဝန်ထမ်းသစ်စုဆောင်းခြင်း။** အမြဲတမ်းဝန်ထမ်းများကို ယှဉ်ပြိုင်စေခြင်းဖြင့် ခန့်အပ်ပါသည်။

(ခ) **ရာထူးတိုးမြှင့်ခြင်း။** ဝန်ထမ်းများ ရာထူးတိုးမြှင့်ရေးနှင့် ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်ပါသည်-

(၁) အနည်းဆုံးလုပ်သက် ၂ နှစ်ပြည့်ပြီးသူများကို အတန်းအစား (Grading) တိုးမြှင့်ပေးခြင်း၊

(၂) သတ်မှတ်ထားသော လုပ်သက်ပြည့်မီသူများကို စိစစ်ရွေးချယ်၍ ရာထူးတိုးမြှင့်ခြင်း၊

(၃) ထိုသို့တိုးမြှင့်ပေးရေးအတွက် စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းရေးရာ ကိုယ်စားလှယ်များပါဝင်သော ပူးပေါင်းအဖွဲ့နှင့်ဆောင်ရွက်ပါသည်။

(၄) စီမံခန့်ခွဲရေးဆိုင်ရာရာထူးများအတွက် လွှတ်တော်အတွင်း ပါတီပေါင်းစုံ ပါဝင်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ဗျူရိုအဖွဲ့က ခန့်အပ်ပါသည်။[10]

**လွှတ်တော်ဆိုင်ရာ စီမံအုပ်ချုပ်ရေး၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာလုပ်ပိုင်ခွင့်**

၂၉။ လွှတ်တော် စီမံအုပ်ချုပ်ရေး၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ လွှတ်တော် ၂ ရပ်၏ ဘတ်ဂျက်ကို လွှတ်တော်များတွင် ဖွဲ့စည်းထားသည့် ဗျူရို၏ အစိတ်အပိုင်း တစ်ခုဖြစ်သော စာရင်းစစ်ချုပ်ရုံးမှ ဦးဆောင်သည့် အကဲဖြတ်သူနှင့်စိစစ်သူများပါဝင်သော အဖွဲ့မှဆုံးဖြတ်ပါသည်။ ဗျူရိုမှ စိစစ်ရေးမှူးများသည် စီမံခန့်ခွဲမှုနှင့် လွှတ်တော်ငွေရေးကြေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အဓိကလုပ်ပိုင်ခွင့်ရှိသူဖြစ်ပါသည်။ ၎င်းတို့၏လုပ်ပိုင်ခွင့်မူဘောင်များသည် လွှတ်တော် ၂ ရပ်လုံး၏ လွှတ်တော်တွင်း နည်းဥပဒေများတွင် သတ်မှတ်ထားပြီး

(က) ဘတ်ဂျက်ရေးဆွဲခြင်း၊

(ခ) အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်ကြီးကြပ်ခြင်းတို့ပါဝင်ပါသည်။

၃၀။ လွှတ်တော် ၂ ရပ်အတွက် လွှတ်တော်ဘတ်ဂျက်များရေးဆွဲခြင်းကို ပြင်ပမှ စွက်ဖက်ပိုင်ခွင့်မရှိပါ။ ဘတ်ဂျက်အဆိုပြုချက်အား ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ရပါသည်။ နောက်ဆုံးဘတ်ဂျက်အဆိုပြုချက်ကို နိုင်ငံတော်ဘတ်ဂျက်ဥပဒေကြမ်းကဲ့သို့ လွှတ်တော်တွင်းတင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့်မဲခွဲဆုံးဖြတ်ခြင်းများ ဆောင်ရွက်ရပါသည်။ [11]

**စီမံခန့်ခွဲမှုဆောင်ရွက်ရာ၌ စောင့်ကြည့်လေ့လာခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ခံမှုရှိခြင်း**

၃၁။ စာရင်းစစ်ချုပ်ရုံးမှ ပြင်ပစောင့်ကြည့်စစ်ဆေးခြင်းကို ဆောင်ရွက်ပါသည်။ လွှတ်တော် ၂ ရပ်ရှိ စိစစ်ရေးမှူးများသည် လွှတ်တော်တွင်းစောင့်ကြည့်စစ်ဆေးခြင်းကိုဆောင်ရွက်ပါသည်။[12]

---

[10] Inter-Parliamentary Union , Codes of conduct for parliamentary staff , http://www.ipu.org/ASGP-e/Zampini.pdf [accessed date 27 July 2016]

[11] Inter-Parliamentary UnionမှEmailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။[accessed date 18 July 2016]

[12] Inter-Parliamentary UnionမှEmailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။[accessed date 18 July 2016]

**လွှတ်တော်ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်ကျင့်ဝတ်များအား ယေဘုယျဖွင့်ဆိုခြင်း**

၃၂။ အောက်လွှတ်တော်ဝန်ထမ်းများ၏ သဘောသဘာဝများ၊ အလေ့အကျင့်များ၊ ရည်မှန်းချက်များ အပေါ်မူတည်၍ ကျင့်ဝတ်များရေးဆွဲရပါသည်။ ယင်းကျင့်ဝတ်များ၏ -

(က) **ကျင့်ဝတ်တည်ရှိမှု။** တိတိကျကျသတ်မှတ်ထားခြင်းမရှိပါ။ လွှတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများတွင် တာဝန်ရှိမှုများနှင့် အရေးယူမှုများကို ဖော်ပြထားပါသည်။

(ခ) **ထိရောက်မှု။** ဝန်ထမ်းများ၏ လုပ်ဆောင်ချက်များကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများဖြင့် ထိရောက်ထက်မြက်စွာ ထိန်းသိမ်းကြီးကြပ်သည်။ လွှတ်တော်အတွင်း ချမှတ်ထားသော လုပ်ထုံး၊ လုပ်နည်းများသည် လွှတ်တော်အရာရှိများလိုက်နာရန် စည်းမျဉ်း၊ စည်းကမ်းများဖြစ်ပြီး လိုက်နာဆောင်ရွက်ရန် အထူးလိုအပ်ပြီး လိုက်နာမှုမရှိပါကအရေး ယူခံရမည့် အခြေခံမူများပင် ဖြစ်ပါသည်။

(ဂ) **နည်းစနစ်ရေးဆွဲခြင်း။** အုပ်ချုပ်ရေးနှင့် ဝန်ထမ်းများရေးရာ ကိုယ်စားလှယ်များမှမူကြမ်းရေးဆွဲပြီးနောက် လွှတ်တော်မှ ဆုံးဖြတ်အတည်ပြုပါသည်။

(ဃ) **တိုင်ကြားမှုများအားအရေးယူခြင်း။** လွှတ်တော်အတွင်း သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများတွင် ဖော်ပြထားပြီးဖြစ်ပါသည်။

(င) **ပြည့်စုံရမည့်အချက်များ။** ယေဘုယျအခြေခံမူများတွင် ဆောင်ရွက်ရမည့်အချက်များပါဝင်ပြီး ဖြစ်ပါသည်။ ပါလီမန်အဖွဲ့ဝင်များနှင့် ဆက်သွယ်မှုရှိသူ၊ မိမိစိတ်ပါဝင်စားမှုထက် အလုပ်ကိုဦးစားပေးသူ၊ လုပ်ငန်းခွင်တွင်ဖြစ်စေ၊ လုပ်ငန်းခွင်ပြင်ပတွင်ဖြစ်စေ ဆောင်ရွက်နိုင်သူဖြစ်ရပါမည်။

(စ) **လိုက်နာရမည့်သူများ။** ဝန်ထမ်းများအားလုံး လိုက်နာရမည်ဖြစ်ပါသည်။ သို့ရာတွင် ရာထူးအနိမ့်အမြင့်ပေါ်မူတည်၍ တာဝန်ရှိမှုအတိုင်းအတာ၊ လွှတ်တော်ဝန်ထမ်းအားလုံးအတွက် တူညီသောကျင့်ဝတ်တစ်ခုအနေနှင့် လိုက်နာရန်ခက်ခဲပါသည်။

၃၃။ အထက်လွှတ်တော်ဝန်ထမ်းများ၏ သဘောသဘာဝများ၊ အလေ့အကျင့်များ၊ ရည်မှန်းချက်များ အပေါ်မူတည်၍ကျင့်ဝတ်များရေးဆွဲရပါသည်။ ယင်းကျင့်ဝတ်များ၏ -

(က) **ကျင့်ဝတ်တည်ရှိမှု။** ကျင့်ဝတ်တိတိကျကျသတ်မှတ်ထားခြင်းမရှိပါ။ အထက်လွှတ်တော်၏ လုပ်ထုံး၊ လုပ်နည်းများတွင် ဝန်ထမ်းများတာဝန်နှင့် ကျွမ်းကျင်မှုအရည်အချင်းသတ်မှတ်ချက်များကို လိုက်နာရန် ဖော်ပြထားပါသည်။ လွှတ်တော်အရာရှိများ၏အဓိကတာဝန်မှာ လွှတ်တော်၏အတွင်းရေးကိစ္စရပ်များနှင့် ပတ်သက်၍ထိန်းသိမ်းရန်ဖြစ်ပါသည်။ လွှတ်တော်ဆိုင်ရာ အရာရှိတစ်ဦး၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ အခြားလွှတ်တော်အရာရှိများ တင်ပြလာပါက စိစစ်သုံးသပ်မှုများ ပြုလုပ်ရပါသည်။

(ခ) **ထိရောက်မှု။** ကျင့်ဝတ်တစ်ခုအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းရန် မလိုအပ်ပါ။ လွှတ်တော် အရာရှိတစ်ဦးအနေဖြင့် ရေးသားဖော်ပြထားခြင်း မရှိသော စည်းကမ်းအပြုအမူများရှိပြီးဖြစ်သည့်အပြင် ၎င်းတို့၏ တာဝန်များနှင့် ပတ်သက်၍ ဝန်ထမ်းဆိုင်ရာစည်းမျဉ်းများတွင် ဖော်ပြထားပြီး ဖြစ်ပါသည်။

(ဂ) **နည်းစနစ်ရေးဆွဲခြင်း။** သီအိုရီအရ ကျင့်ဝတ်သည် သဘောထားမှတ်ချက်များသာဖြစ်လျှင် ၎င်းတို့ကိုယ်တိုင် လိုက်နာရန်သာ ဖြစ်ပါသည်။ သို့သော်လည်း ၎င်းကျင့်ဝတ်သည် လိုက်နာရန်ဖြစ်ပြီး မလိုက်နာလျှင် အရေးယူခံရမည်ဆိုပါက ထိုကျင့်ဝတ်ကို ဝန်ထမ်းရေးရာဆိုင်ရာ ကိုယ်စားလှယ်များနှင့်ညှိနှိုင်း၍ ဗျူရိုအဖွဲ့မှ ရေးဆွဲချမှတ်ရမည် ဖြစ်ပါသည်။

(ဃ) **တိုင်ကြားမှုများအားအရေးယူခြင်း။** ကျင့်ဝတ်တစ်ခုကို ဗျူရိုအဖွဲ့မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်ဖြစ်ပါက အရေးယူခံရမည် ဖြစ်ပါသည်။ အထက်လွှတ်တော်တွင် သေးငယ်သော ပြစ်ဒဏ်များအတွက် အုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်များမှ ချမှတ်နိုင်ပြီး ပြင်းထန်သောပြစ်ဒဏ်များအတွက် အုပ်ချုပ်ရေးအဖွဲ့၏ အဆိုပြုချက်ဖြင့် ပါလီမန်ဆိုင်ရာ အာဏာပိုင်များမှ ဆုံးဖြတ်ပါသည်။

(င) **ပြည့်စုံရမည့်အချက်များ။** လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်သူဖြစ်ရပါမည်။ လုပ်ငန်းခွင်အတွင်း ကောင်းစွာပြုမူနေထိုင်တတ်သူ၊ ကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာနိုင်သူဖြစ်ရပါမည်။

(စ) **လိုက်နာရမည့်သူများ။** ဝန်ထမ်းများအားလုံး လိုက်နာကျင့်သုံးရမည် ဖြစ်ပါသည်။ လွှတ်တော်ဝန်ထမ်းများ လိုက်နာရန် အများနှင့်ဆိုင်သော စည်းမျဉ်းများကို ချမှတ်နိုင်သော်လည်း ကျင့်ဝတ်တစ်ခုတည်းဖြင့် လုံလောက်မှုမရှိပါ။ လွှတ်တော်အရာထမ်းများအတွက် ချမှတ်ထားသော ကျင့်ဝတ်များသည် အစိုးရဝန်ထမ်းများအတွက် သတ်မှတ်ပြဋ္ဌာန်းပေးထားသော ကျင့်ဝတ်ကဲ့သို့ဖြစ်သော်လည်း ကွဲပြားခြားနားသော အခြေအနေများကြောင့် သီးခြားကျင့်ဝတ်များကို ချထားရန် လိုအပ်ရခြင်းဖြစ်ပါသည်။[13]

**နိဂုံး**

၃၄။ ပြင်သစ်နိုင်ငံလွှတ်တော်ဝန်ထမ်းများနှင့်စပ်လျဉ်းသော စီမံအုပ်ချုပ်မှုများသည် အောက်ပါတို့အား ညွှန်ပြနေကြောင်းတွေ့ရှိရပါသည်-

(က) လွှတ်တော် ၂ ရပ်လုံးတွင် ဗျူရိုအဖွဲ့များဖွဲ့စည်းထားပြီး အောက်လွှတ်တော်၏ ဗျူရိုအဖွဲ့တွင် ဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင် ၂၂ ယောက်ဖြင့် ဖွဲ့စည်းထား၍ အထက်လွှတ်တော်၏ ဗျူရိုအဖွဲ့တွင် အဖွဲ့ဝင် ၂၆ ယောက်ဖြင့် ဖွဲ့စည်းထားပါသည်။

(ခ) လွှတ်တော်တစ်ရပ်ချင်းစီ၏ဗျူရိုအဖွဲ့တွင် စိစစ်ရေးမှူး ၃ ဦးပါဝင်ပြီး ၂ ဦးကို အာဏာရပါတီမှ ခန့်ထားပြီး ၁ ဦးကို ဆန့်ကျင်ဘက်ပါတီမှ ခန့်ထားပါသည်။

(ဂ) ဗျူရိုအဖွဲ့ဥက္ကဋ္ဌ၏သက်တမ်းသည် လွှတ်တော်၏သက်တမ်းအတိုင်းဖြစ်ပါသည်။

(ဃ) အထက်လွှတ်တော်၏ အစိတ်အပိုင်းတချို့ကို ၃ နှစ်တစ်ကြိမ်ရွေးချယ်သောကြောင့် ဗျူရိုအဖွဲ့ကိုလည်း ၃ နှစ်လျှင် တစ်ကြိမ် အသစ်ပြန်လည်ဖွဲ့စည်းပါသည်။

[13] Inter-Parliamentary Union, Codes of conduct for parliamentary staff, http://www.ipu.org/ASGP-e/Zampini.pdf [accessed date 28 July 2016]

(င) ဗျူရိုအဖွဲ့သည် လွှတ်တော်တွင်း လုပ်ငန်းများဆောင်ရွက်ရန်၊ ဝန်ထမ်းများ စုဆောင်းရေးနှင့်၎င်းတို့၏ ရာထူးအဆင့်အတန်းများကို ဆုံးဖြတ်ဆောင်ရွက်ရန် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

(စ) ဗျူရိုအဖွဲ့သည် လွှတ်တော်တွင်း လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် လုံးဝနီးပါးလွတ်လပ်သော အဖွဲ့အစည်း ဖြစ်ပါသည်။

(ဆ) လွှတ်တော်အသီးသီးမှ ဗျူရိုအဖွဲ့များစိစစ်ရေးအရာရှိအဖြစ် လွှတ်တော်ကိုယ်စားလှယ် ၃ ဦးကို ခန့်ထားပါ သည်။ ၎င်းတို့သည် လွှတ်တော်၏ ငွေရေးကြေးရေးနှင့်စီမံခန့်ခွဲမှုလုပ်ငန်းများကို အုပ်ချုပ်ရန် လုပ်ပိုင်ခွင့်ရှိပါသည်။ လွှတ်တော်၏ ရန်ပုံငွေများကို ၎င်းတို့၏ ခွင့်ပြုချက်မရရှိဘဲ မည်သည့်အကြောင်းကိစ္စဖြစ်စေ အသုံးပြုခွင့်မရှိပါ။

(ဇ) အထက်လွှတ်တော်၏ ဗျူရိုအဖွဲ့သည် အထက်လွှတ်တော်အား ကိုယ်စားပြု၍နိုင်ငံတကာ ဆက်ဆံရေးနှင့် သတင်းထုတ်ပြန်ရေးများကိုဆောင်ရွက်ရပါသည်။

(ဈ) အောက်လွှတ်တော်တွင် ဗျူရိုအဖွဲ့က လွှတ်တော်အရာရှိများအတွင်းမှ ရွေးချယ်သော ညွှန်ကြားရေးမှူးချုပ် ၂ ဦးရှိပြီး တစ်ဦးသည် ဥပဒေပြုရေးလုပ်ငန်းများကိုစီမံခန့်ခွဲရပြီး တစ်ဦးသည် စီမံအုပ်ချုပ်မှုများကို တာဝန်ယူ ဆောင်ရွက်ရပါသည်။

၃၅။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ဝန်ထမ်းများသည် ပြင်သစ်နိုင်ငံလွှတ်တော်မှ ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များ၊ စီမံအုပ်ချုပ်မှုများနှင့်၎င်းတို့လိုက်နာ ကျင့်သုံးနေရသော ကျင့်ဝတ်များအား သိရှိလေ့လာပြီး သက်ဆိုင်ရာလုပ်ငန်းတာဝန်များအား ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ရေးသားတင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com